## ဗတ္တိဇံခံခြင်းအားဖြင့်

## ကယ်တင်ခြင်း သို့ ရောက်ပါသလား

စိတ်နှလုံးဖြူစင်ပြီး ရိုးသားသော ဘာသာတရားကိုင်းရှိုင်းသူများစွာတို့က လူသည် ကျေးဇူးတော်အားဖြင့် သာ ကယ်တင်ခြင်းသို့ရောက် သည် ဟု ယုံကြည်ကြသည်။ အခြားသူတို့က လူသည် ယုံကြည်ခြင်းအားဖြင့် သာ ကယ်တင်ခြင်းသို့ ရောက် သည်ဟု သွန်သင်ကြသည်။ ဤအုပ်စုနှစ်ခုစလုံးတို့သည် ဗတ္တိဇံခံခြင်း ( ရေနှစ်ခြင်း ) အားဖြင့် လူသည် အပြစ်မှ ကယ်တင်ခြင်းသို့ရောက် ကြောင်းကို ငြင်းပယ်ကြသည်။ သမ္မာကျမ်းစာက မည်သို့ သွန်သင်ပါသနည်း။

သမ္မာကျမ်းစာ၏ သွန်သင်ချက်မှာ

၁။ ***ခပ်သိမ်းသောဓမ္မ မင်္ဂလာတို့သည် ယေရှုခရစ် ထဲ၌ ရှိသည်*** (ဧဖက် ၁း၃ )။

၂။ *ကျေးဇူးတော်၊ ယုံကြည်ခြင်း၊ ချစ်ခြင်းတို့သည် ယေရှုခရစ်ထဲ၌ ရှိသည်* ( ၁ တိ ၁း၁၄၊၂ တိ ၂း၁ )။

၃။ *ကယ်တင်ခြင်း သည် ယေရှုခရစ် ထဲ၌ ရှိသည်* ( ၂ တိ ၂း၁၀ )။

၄။ *အပြစ်နှင့် ကင်းစင်၍ သန့်ရှင်းသူတို့သည် ယေရှုခရစ် ထဲ၌ရှိသည်* ( ၁ ယော ၅း ၁၁-၁၂ )။

၆။ *ဗတ္တိဇံခံခြင်းအား ဖြင့် ယေရှုခရစ်ထဲ၌ ရောက်ရှိသည်* ( ဂလာတိ ၃း၂၇ )။

မည်သည့်အကြောင်း ပြချက်မျိုးကိုမှ လုပ်မနေဘဲ စိတ်နှလုံးဖြူစင်ပြီး ရိုးသား သော ဘာသာတရားကိုင်းရှိုင်း သူ အားလုံးတို့ ဝန်ခံရမည်မှာ ခပ်သိမ်းသော ဓမ္မမင်္ဂလာ၊ ကျေးဇူးတော်၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ကယ်တင်ခြင်း၊ အပြစ်နှင့်ကင်းစင်ပြီး သန့်ရှင်း ခြင်းနှင့် ထာဝရအသက်တို့ သည် ယေရှုခရစ်တော်ထဲ၌ ရှိပြီး ဗတ္တိဇံခံခြင်းအားဖြင့် ယေရှုခရစ်တော်ထဲသို့ ရောက်ရှိ နိုင်လျှင် လူတယောက်သည် ထို ဝမ်းမြောက်စရာကောင်းကြီး မင်္ဂလာများကို ခံစားနိုင်ရန် ဗတ္တိဇံ ခံရမည်ဖြစ်သည်။ အထက် ကျမ်းချက်များက ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်း အတွက် မရှိမဖြစ် လိုအပ်ကြောင်း ထင်ရှားစွာ ပြသပါသည်။ ဤ ချက်ကို ငြင်းပယ်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ငြင်းပယ်ခြင်း ပင် ဖြစ်သည်။

သမ္မာကျမ်းစာ က ဗတ္တိဇံခံခြင်းအားဖြင့်သာ ကယ်တင်ခြင်းသို့ရောက်သည်ဟုမသွန်သင်ပါ။ မည်သို့ပင်ဆိုစေ သမ္မာကျမ်းစာ က လူသည် ဗတ္တိဇံ အားဖြင့် ကယ်တင်ခြင်းသို့ရောက်သည် ဟု သွန်သင်ပါသည်။ မြောက်များစွာသော ဘာသာရေးသမားများက "*လူသည်ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းသို့ရောက်ပြီး နောက်မှ ဗတ္တိဇံခံရမည်*" ဟု ထင်နေကြသည်။ သို့သော် သခင်ယေရှုမိန့်တော်မူသည်မှာ " ***ယုံကြည်၍ဗတ္တိဇံခံသောသူ သည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့***"( မာကု ၁၆း၁၆ )။ လူတချို့က "*ကျွန်တော်တို့သည် ဗတ္တိဇံခံခြင်းအားဖြင့် ကယ်တင်ခြင်းသို့မရောက်နိုင်*"ဟု သွန်သင်ကြသည်။ သို့သော် တမန်တော်ပေတရု က ဤသို့ရေးသားပါသည်။ " ထိုသိုပသောဥပမာအတိုင်း ***ယခုတွင် ဗတ္တိဇံသည် ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့် ငါတို့ကိုကယ်တင်တတ်၏***' ၁ပေ ၃း၂၁ )။ ကျွန်တော်တို့သည် လူ၏ သွန်သင်သောအရာကို လက်ခံရမည်လော သို့မဟုတ် သမ္မာကျမ်းစာ ၏ သွန်သင်ခြင်းကို လက်ခံရမည်လား။ (ယော ၁၂း၄၈ )။

လူတယောက်သည် ကယ်တင်ခြင်းသို့ရောက်ရန် ယေရှုခရစ်တော်၏ အမိန့်တော်ကို နာခံရမည် ( ဟေဗြဲ ၅း၉ )။ ကျွန်တော်တို့သည် ယုံကြည်ရမည်( ယော ၃း၁၆၊ တ၁၆း၃၁ )။ ကျွန်တော်သည် ဗတ္တိဇံခံရမည် ( တ ၁၀း၄၈ )။ ထို့ကြောင့် လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ရောက်ရန် ယုံကြည်၍ ဗတ္တိဇံခံရမည်ဖြစ်သည်။ ဤသည် မာကု ၁၆း၁၆ ရှိ သခင်ယေရှု၏ အမိန့်တော်အတိုင်းဖြစ်သည်။ "*ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့*" လူတယောက်သည် ကယ်တင်ခြင်းသို့ရောက်ရန် အတွက် ဗတ္တိဇံခံခြင်းကို ငြင်းပယ်နေပါက ထိုသူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ငြင်းပယ်နေခြင်းသာ ဖြစ်သည်။

လူတယောက်သည် ကောင်းသောအကျင့်တို့ကို ကျင့်ခြင်း အားဖြင့်ကယ်တင်ခြင်းသို့ မရောက်နိုင်သည်မှာ လုံးဝမှန်ကန်ပါသည်။ ( ဧဖက် ၂း ၈-၉၊ တိတု ၃း၅ )။ မောရှေ၏ ပညတ်တော်တို့ကို စောင့်ရှောက်ခြင်းအားဖြင့် လည်း ကယ်တင်ခြင်းသို့ မ ရောက်နိုင်ပါ ( ဂလာတိ ၃း၁၀-၁၂ )။ သို့သော်လည်း လူတယောက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်နိုင် သည်။ (ယော ၁၄း၁၅၊ ဟေ ၅း၉ )။ ယုံကြည်ခြင်းသည်ဘုရားသခင် ၏စကားတော်ဖြစ်သည်( ယော ၆း ၂၈-၂၉ )။ ဗတ္တိဇံခံခြင်းလည်း ဘုရားသခင်၏စကားတော်ဖြစ်သည်( မာကု ၁၆း၁၆ )။ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့

ရောက်လတံ့ ( မာကု ၁၆း၁၆)။ လူတယောက်သည် ၍ကျမ်းစကားကို ငြင်းပယ်ပါက ဤစကားတော်ကို ပြောဆိုသော ယေရှုခရစ်တော်ကို ငြင်းပယ်သောသူဖြစ်သည်။

ကျွန်တော်တို့သည် ခရစ်တော်၏ အသွေးတော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်သည် ( ရောမ ၅း၉ )။ ခရစ်တော်သည် လက်ဝါးကားတိုင်ပေါ်တွင်အသေခံသောအခါ မိမိအသွေးတော်ကို သွန်းလောင်းခဲ့သည် ( ယော ၁၉း၃၄ )။ ကျွန်တော်တို့သည် သူ၏ သေခြင်း၌ ဗတ္တိဇံကို ခံသောအခါ ခရစ်တော်၏အသွေးတော်နှင့် ဆက်ဆံရကြသည် ( ရောမ ၆း၃ )။ လူတယောက်သည် ဗတ္တိဇံခံခြင်းမရှိဘဲ ခရစ်တော်၏အသွေးတော်နှင့် ဆက်ဆံ၍ မရနိုင်သည်မှာ သမ္မာကျမ်းစာ၏ သွန်သင်ချက်ဖြစ်သည်။

လူသည် မိမိအပြစ်မှ လွတ်ခြင်းရရန် မည်သည့်အရာက မရှိမဖြစ်လိုအပ်ပါသနည်း။ ဘုရားသခင်၏ အပိုင်းများဖြစ်ကြသော ကျေးဇူးတော် ( ဖေက် ၂း၈ )၊ သနားခြင်းဂရုဏာတော် ( တိတု ၃း၅ )၊ ယေရှုခရစ်တော် (မဿဲ ၁း၂၁ )၊ ခရစ်တော်၏ အသက်တော်(ရောမ ၅း၁၀ )၊ ခရစ်တော်၏ အသွေးတော် ( ရောမ ၅း ၉ ) နှင့် ခရစ်တော်၏သတင်းကောင်း ( ၁ကော ၁၅း၁-၄ ) တို့ဖြစ်ကြသည်။ ထိုနည်းတူစွာ လူ့ အပိုင်းများမှာ ယုံကြည်ခြင်း ( ရောမ ၉း၁ )၊ အကျင့် ( ယာကု ၂း၂၄ )၊ သခင်ဘုရား၏နာမတော်ကို ခေါ်ဆိုခြင်း ( ရောမ ၁၀း၁၃ )၊ မျှော်လင့်ခြင်း ( ရောမ ၈း၂၄ )၊ ကြိုးစားအားထုတ်ခြင်း ( တမန်တော် ၂း၄၀ )နှင့် ဗတ္တိဇံခံခြင်း( ၁ပေ ၃း၂၁ ) တို့ဖြစ်သည်။ လူ သည် ကယ်တင်ခြင်းသို့ရောက်ရန် မည်သည့်အရာ ကိုမှ လုပ်ဆောင်စရာမလို ဟု သမ္မာကျမ်းစာ က မ သွန်သင်ပါ။ ကယ်တင်ခြင်းသို့ရောက်ရန် ဤအချက်များလုံးကို လုပ်ဆောင်ရန် ဘုရားသခင်သည် သူ့၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့အား ပြောသည်။ ဤအရာများကို ငြင်းပယ်ခြင်းသည် နှုတ်ကပတ်တော်ကို ငြင်းပယ်ခြင်းသာဖြစ်သည်။

ဗတ္တိဇံခံခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက် သလား။ ရောက်ပါသည်။ လူတယောက်သည် ကယ်တင်ခြင်းသို့ရောက်ရန် ဗတ္တိဇံခံရမည်။ သင်သည် ယေရှုခရစ်တော်ကို ဘုရားသခင်၏ သားတော်အဖြစ်ယုံကြည်လျှင် ( ယော ၈း၂၄ ) သင်သည် ဘုရားသခင်နှင့် ခွဲခွါစေသော အပြစ်များမှ နောင်တ ရရန် ဆန္ဒရှိလျှင် ( ဟေ ၅၉း၁-၂၊ လုကာ ၁၃း၃ )သင်သည် ခရစ်တော်ကို ဘုရားသခင်၏ သားတော်အဖြစ်ယုံကြည် ကြောင်းဝန်ခံရန် အသင့်ဖြစ်နေလျှင် ( တမန်တော် ၈း၃၇၊ ရောမ ၁၀း၁၀ ) သင်သည်ယခုပင်လျှင် ခရစ်တော်ထဲ၌ ဗတ္တိဇံခံနိုင်ပြီ။ သင်သည် ဤသို့ပြုလုပ်ပါက ယေရှုခရစ်တော်အထဲ၌ ရှိသော ဓမ္မမင်္ဂလာအားလုံးတို့ ကို လက်ခံရရှိမည်ဖြစ်သည်။

## လောကအတွက် သမ္မာတရား


Truth For The World.

truthfortheworld.org    info@tftw.org

P.O. Box 5048  Duluth, GA 30096 U.S.A.



This work is licensed under a Creative Commons Attribution-NonCommercial-NoDerivs 3.0 Unported License


